
NS NOVEL
စာစဉ်-၇
NS NOVEL
အဆုံးအစမဲ့ည
夜无疆
ဘာသာပြန်သူ - NS

# အခန်း ၈၁
# လောကီပြင်ပ သိုင်းသမား

*

"နင်တို့ နှစ်ယောက်က တစ်ယောက်ထက် တစ်ယောက် ပိုကံဆိုးတာပဲ"

ရေစိုနေသော ကြက်မလေး ဂျိုးလင်း က နောက်တစ်ဖန် ပွင့်လင်းသော မိန်းမချောလေး အဖြစ် ပြောင်းလဲသွားပြီး အချိန်တို အတွင်းမှာ ချင်မင်၊ ရှီချန်းတို့နှင့်အတူ တောင်ကြီးထဲသို့ ဘယ်တော့မှ ထပ်မဝင်တော့ဘူးဟု ကျိန်တွယ် လိုက်သည်။

ချင်မင်က မြို့ထဲသို့ ပြန်ရောက်သောအခါ စိတ်ကို တည်ငြိမ်စွာ ထားပြီး သံသယ ဖြစ်စရာ လူ

များကို မတွေ့ရှိခဲ့သော်လည်း တဖြည်းဖြည်းနှင့် သူ၏ သဘာဝ အသိစိတ်က တစ်ခုခုကို ခံစားလာရပြီး ပုံမှန် မဟုတ်မှုများကို သတိပြုမိလာသည်။

တည်းခိုခန်း အနီးတဝိုက်တွင် သူ့ကို စောင့်ကြည့်နေသော လူများ တကယ်ကို မရှိသော်လည်း ခေါင်မိုးပေါ်ရှိ အရောင်လေးဆင်းငှက်က ပုံမှန် မဟုတ်သလို အမိုးစွန်းပေါ်ရှိ အမည်းရောင် ငှက်ငယ်လေးကလည်း ပြဿနာ ရှိနေသည်။

ချင်မင် လန့်သွားသည်။ အကယ်၍ ဤငှက်များအားလုံးတွင် ပြဿနာ ရှိနေပါက သူ ဤနေရာတွင် ဆန်ခါပေါက် ဖြစ်အောင် ထိုးဖောက် ဝင်ရောက်ခံနေရပြီ ဖြစ်သည်။

တကယ်တမ်းတော့ သူက စကားပြောတတ်သော ငှက်များနှင့် ကျီးကန်းများ ကဲ့သို့သော

ထူးခြားသည့် အမျိုးအစားများကို အမြဲတမ်း သတိထားနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူက ၎င်းတို့ကို မြင်တွေ့ဖူးပြီး တစ်ကောင်ထက် တစ်ကောင် ပိုမို ကောက်ကျစ်ကြသောကြောင့် ဖြစ်သည်။

သူ လျစ်လျူရှုထားခဲ့သော ငှက်ငယ်လေး အချို့၏ မျက်လုံးများတွင်လည်း "ကောက်ကျစ်သော အလင်းရောင်" များ ရှိနေပြီး အလွန် ပုံမှန် မဟုတ်ကြောင်းကို သူ မထင်မှတ်ထားခဲ့ချေ။

ချင်မင်က တိတ်တဆိတ် စောင့်ကြည့်လိုက်ရာ သာမန် ငှက်များနှင့် ယှဉ်ကြည့်ပါက တကယ်ပဲ ပုံမှန် မဟုတ်သော ငှက် ခြောက်ကောင် ရှိနေကြောင်း တွေ့ရှိလိုက်ရသည်။

စတုတ္ထအကြိမ် ဘဝသစ် ရရှိပြီးနောက် သူ၏ သဘာဝ အသိစိတ်က တိုးတက်လာခဲ့ပြီး ဤ

ခံစားချက်ကို ယုံကြည်ရန် ရွေးချယ်လိုက်ရာ သူက သမာရိုးကျ မဟုတ်သော ငှက် တစ်အုပ်၏ စောင့်ကြည့်ခြင်းကို ခံနေရကြောင်း သိလိုက်ရသည်။

"ရှိချန်းက ညဘက် ခရီးထွက်တာ များလို့ မသန့်ရှင်းတဲ့ အရာတွေနဲ့ ငြိစွန်းလာတာ မဟုတ်ဘူး ငါ့ဘက်မှာ ပြဿနာ တက်နေတာပဲ"

ချင်မင်က ပြတင်းပေါက်ကို ပိတ်လိုက်ပြီး သူ့ကို ဘယ်သူ ပစ်မှတ်ထားနေသလဲ ဆိုတာကို စဉ်းစားလိုက်သည်။

ဤကဲ့သို့သော နည်းလမ်းများက အလွန် "နူးညံ့" လွန်းသည်ဟု သူ ထင်လိုက်သည်။ အကယ်၍ တကယ်ပဲ ရက်စက်သော သူများသာ ဆိုပါက ဘာကိုမှ ဂရုစိုက်နေမည် မဟုတ်ဘဲ ကြောက်စရာ ကောင်းသော အင်အားများဖြင့် သူ့ကို တိုက်ရိုက် ရိုက်သတ်ပစ်မည်မှာ သေချာလှ

သည်။

ယခုလက်ရှိ အခြေအနေအရဆိုလျှင် ရွှေမိသားစုက သူ ရုတ်တရက် သေဆုံးသွားမည်ကို သေချာပေါက် အလိုမရှိချေ။ အဘယ်ကြောင့်ဆိုသော် သူ တကယ်ပဲ တစ်ခုခု ဖြစ်သွားပါက လူတိုင်းက သူတို့ကို အလွန် ရက်စက်ပြီး သံယောဇဉ် ကင်းမဲ့သည်ဟု ထင်မြင်သွားကြမည် ဖြစ်သောကြောင့် ဖြစ်သည်။

ထို့အပြင် ရွှေ မိသားစုကလည်း အခြားမိသားစုများက ဤအချိန်တွင် သူ့ကို လာထိမည်ကို လုံးဝ အလိုရှိမည် မဟုတ်ချေ။

ဤရှုထောင့်မှ စဉ်းစားကြည့်ပါက ယခုအချိန်က ချင်မင်အတွက် အတော်လေး လုံခြုံသော အချိန် ဖြစ်သည်။

"အခွင့်အာဏာ ရှိရင် သုံးရမယ်"

ယခု သူ၏ လက်ထဲတွင် အလွန် မြင့်မားသော

အဆင့်ရှိ အမိန့်ပြား တစ်ခု ရှိနေပြီး ချီရှ မြို့တော်၏ အင်အားကို အသုံးပြု၍ စုံစမ်း စစ်ဆေးရန် ပြင်ဆင်လိုက်သည်။

"သခင်လေးချင် မြို့စားက ဖိတ်ပါတယ်"

အမည်းရောင် ဝတ်စုံဝတ် အမျိုးသား တစ်ဦးက တည်းခိုခန်းသို့ လာရောက်၍ ချင်မင်ကို လာတွေ့ ပြီး အလွန် ယဉ်ကျေးပျူငှာလှသည်။

ချင်မင်က မတ်တတ်ထရပ်ကာ သူနှင့်အတူ မြို့စားအိမ်တော် သို့ တိုက်ရိုက် ထွက်ခွာသွားခဲ့ သည်။

ခေါင်းလောင်းများ၊ ခြေသုံးချောင်း ကြေးအိုး များ အစရှိသော ရှေးဟောင်း ကြေးညိုထည် အချို့ကို ခင်းကျင်းထားသည့် ထိုရှေးကျသော ဧည့်ခန်း ပင် ဖြစ်ပြီး အမွှေးတိုင်အိုး ထဲတွင် အမွှေးတိုင်များက ဖြည်းဖြည်းချင်း လောင်ကျွမ်း နေကာ မီးခိုးငွေ့များက ပိုးချည်မျှင်များကဲ့သို့

လွင့်ပျံနေသည်။

မုန့်ရှင်းဟိုင်က သူ့ကို ပြုံးရွှင်စွာ နှုတ်ဆက်လိုက်ပြီး ပြောလိုက်သည်။

"လာ မိုးကြိုးမီး ကမ္ဘဋ္ဌာန်း ကျောင်းဆောင်အပြင်ဘက်က အကြိမ်ကြိမ် အပစ်ခံရပေမယ့် ခိုင်မာစွာ အသက်ရှင်နေသေးတဲ့ အဲဒီ သစ်အိုပင်ကြီးဆီက ဒီနှစ်ရဲ့ ပထမဆုံး လက်ဖက်ရည်ကို မြည်းစမ်းကြည့်ပါဦး ဒီနေ့မှ ခူးပြီး လှော်ထားတာ"

ချင်မင်က အရိုအသေ ပေးပြီးနောက် ထိုင်ကာ လက်ဖက်ရည် သောက်ရင်း သူနှင့် စကားစမြည် ပြောဆိုနေစဉ် အဘိုးမုန့်က ယခင်အကြိမ်ကထက် ပိုမို ရင်းနှီးဖော်ရွေနေကြောင်း ခံစားလိုက်ရသည်။

မုန့်ရှင်းဟိုင်က အကြိမ်ပေါင်းများစွာ စကားပြောချင်သော်လည်း ပြန်မျိုချလိုက်ရ

သည်။ အဘယ်ကြောင့်ဆိုသော် သူက ချင်မင်ကို ခိုင်းချင်သော ကိစ္စက မလွယ်ကူဘဲ မိသားစုကြီးများမှ အသိမိတ်ဆွေ တစ်အုပ်နှင့် သေချာပေါက် တွေ့ဆုံရမည် ဖြစ်သောကြောင့် ဖြစ်သည်။

သူ့တွင် အရှေ့ရှိ လူငယ်လေး၏ အစစ်အမှန် ရုပ်ရည်ကို ရက်အနည်းငယ်ကြာ ဖုံးကွယ်ထားပေးနိုင်သော နည်းလမ်း ရှိသော်လည်း ချင်မင်၏ အဆင့်က အနည်းငယ် နိမ့်ကျနေသဖြင့် လီချင်းယွဲ့၏ ရွှေချပ်ဝတ် အစောင့် နေရာကို ယူကာ ထိုဝိညာဉ်လိုဏ်ဂူထဲတွင် ယှဉ်ပြိုင် တိုက်ခိုက်မည်ဆိုပါက အလွန် အန္တရာယ်များမည် ဖြစ်သည်။

မုန့်ရှင်းဟိုင်က စဉ်းစားလိုက်ရာ အချိန် ရပါသေးသဖြင့် အတော်ဆုံး နတ်လမ်းစဉ် ကျင့်ကြံသူ တပည့် တစ်အုပ်က ဒဏ္ဍာရီထဲက ထိုပစ္စည်းကို ယှဉ်ပြိုင် လုယူကြမည့် ကိစ္စကို ယာယီ မပြောပြသေးရန် ဆုံးဖြတ်လိုက်သည်။

"ချီရှုမြို့တော်မှာ နေရတာ အဆင်ပြေရဲ့လား ဘာပြဿနာတွေများ ကြုံတွေ့ရသေးလဲ"

သူက ဖြစ်သလို မေးလိုက်သည်။

"ဦးလေးမုန့် ကျွန်တော် အားမနာဘဲ ပြောရရင် တကယ် ကိစ္စ ရှိတယ် ကျွန်တော့်ကို လူတွေ စောင့်ကြည့်နေတယ် တောင်ထဲမှာလည်း မတော်တဆ ဖြစ်လုနီးပါး ဖြစ်ခဲ့တယ်"

မုန့်ရှင်းဟိုင်က ရင်ထဲတွင် တွေးလိုက်ရာ ဤကောင်လေးက တကယ်ကို အားမနာတတ်ပါလား။ အကြိမ်တိုင်း ဖြစ်သလို မေးလိုက်သည်နှင့် သူက သဘာဝကျကျ ကိစ္စ အချို့ကို ထုတ်ပြော လေ့ ရှိသည်။

သို့သော် မုန့်ရှင်းဟိုင်က ယခုအချိန်တွင် လုံးဝ စိတ်မရှုပ်ဘဲ အလွန် ဝမ်းသာနေသည်။ မဟုတ်လျှင် နတ်လမ်းစဉ် ကျင့်ကြံသူ တပည့်များ၏ ကိစ္စများကို တိုက်ရိုက် ပြောပြပါက သူက

ကျေးဇူးဆပ်ခိုင်းသလို ဖြစ်သွားမည် ဖြစ်သည်။

"ဒီလို အခြေအနေမျိုး ရှိသေးတာလား ချီရှ မြို့တော်ထဲမှာ ဒီလို ကိစ္စမျိုး လုပ်ရဲတယ်ဆိုတော့ သေချာ စုံစမ်းရမယ်"

မုန့်ရှင်းဟိုင်က သူ၏ လူယုံကို သေချာ စုံစမ်း ခိုင်းလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦးလေးမုန့်"

ချင်မင်က မတ်တတ်ထရပ်ကာ သူ့အတွက် လက်ဖက်ရည် ငှဲ့ပေးရင်း ရိုးသားစွာ ကျေးဇူးတင်လိုက်သည်။

"ငါနဲ့ အားနာနေစရာ မလိုပါဘူး"

မုန့်ရှင်းဟိုင်က လက်ဖက်ရည် သောက်ရင်း မတော်တဆ မေးလိုက်သည်။

"မင်း အရင်တစ်ခေါက် ကောင်းကင်အလင်း ခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက်ရဲ့ ရိုက်ခတ်မှုကို ခံရတာတောင် ဘာဒဏ်ရာမှ မရဘူးလား"

"ဒဏ်ရာ နည်းနည်း ရခဲ့တယ် နှစ်ရက်လောက် နားလိုက်မှ သက်သာသွားတာ"

ချင်မင်က ရက်အနည်းငယ်လောက် ပိုပြောချင်သော်လည်း ထိုအချိန်က နှစ်ရက်အကြာတွင် မုန့်ရှင်းဟိုင်နှင့် တွေ့ဆုံခဲ့ကြောင်း ရုတ်တရက် သတိရသွားသည်။

"မင်းက ငါ့ကိုတောင် ဖုံးကွယ်ထားသေးတယ် မင်း အဲဒီ နှစ်ရက်က သေချာပေါက် ဘဝသစ် ရနေတာ ဖြစ်ရမယ် တကယ်ကို အံ့မခန်းပဲ ကောင်းကင်အလင်းရဲ့ တိုက်စားမှုကို ခံနိုင်ရည်ရှိတယ်ဆိုတော့ နောက်ပိုင်း တကယ်လို့များ မင်းရဲ့ အကူအညီကို လိုအပ်ကောင်း လိုအပ်လာနိုင်တယ်"

"ဦးလေးမုန့် လိုအပ်တာ ရှိရင် ခိုင်းလိုက်ပါ"

မုန့်ရှင်းဟိုင်က လက်ယမ်းပြကာ ပြောလိုက်သည်။

"မလောပါဘူး ဒီကိစ္စကို အခြေအနေ ကြည့်ရဦးမယ် နောက်မှ ပြောကြတာပေါ့"

သူက ချင်မင်ကို ကြည့်ကာ သက်ပြင်းချရင်း ပြောလိုက်သည်။

"မင်းရဲ့ ပါရမီက ဒီလောက် အံ့မခန်း ဖြစ်နေတာ မိသားစုကြီး တစ်ခုရဲ့ နောက်ခံ အကူအညီသာ ရှိမယ်ဆိုရင် ရွှေရောင် အရွယ်ကန့်သတ်ချက်ကို မခံရဘဲ စောစောစီးစီး ဘဝသစ်ရရှိခြင်း လမ်းကြောင်းပေါ် တက်နိုင်ခဲ့မှာ အခုဆိုရင် ကောင်းကင်အလင်း ကို အပြင်ဘက်ကိုတောင် ထုတ်လွှတ်နိုင်နေလောက်ပြီ"

"လောကီပြင်ပ သိုင်းသမား လား"

ချင်မင်က မေးလိုက်သည်။

"အခု ဒီလို အခေါ်အဝေါ်မျိုး မခေတ်စားတော့ဘူး အဲဒီ လျှို့ဝှက်ဂိုဏ်း တွေပဲ ဖြစ်ဖြစ်၊ အဲဒီ နတ်လမ်းစဉ် ကျင့်ကြံသူ တွေပဲ ဖြစ်ဖြစ် အားလုံး

က ငါတို့ရဲ့ ဒီနယ်ပယ်ကို တူလေး တွေလို့ လှောင်ပြောင်ကြတယ်"

မုန့်ရှင်းဟိုင်က အနည်းငယ် ခံစားချက် ဖြစ်သွားပြီး ပြောလိုက်သည်။

"အရင် ရှေးဟောင်း ခေတ်တုန်းက ဘဝသစ်ရရှိခြင်း နည်းလမ်း နဲ့ လမ်းဖောက်ခဲ့တုန်းက လောကီပြင်ပ သိုင်းသမား အဆင့်က ဘယ်လောက်တောင် ခမ်းနားပြီး ဘယ်လောက်တောင် အစွမ်းထက်ခဲ့လဲ ဒါပေမယ့် ငါတို့ရဲ့ ဒီ လမ်းကြောင်းက လျှောက်လေလေ ပိုခက်လေလေ၊ လျှောက်လေလေ ပိုကျဉ်းလေလေ ဖြစ်လာမယ်လို့ ဘယ်သူ သိမှာလဲ"

ချင်မင်က ခေါင်းညိတ်ကာ ပြောလိုက်သည်။

"ဒါက သာမန် လူတွေရဲ့ လမ်းကြောင်းပဲ ပိုပြီး တိုးတက်ချင်ရင် ဘယ်လို လုပ်ရမလဲ ခန္ဓာကိုယ် မျိုးဗီဇပြောင်း တာကိုပဲ အားကိုးရတော့မှာပေါ့

ကံကောင်းတာက အရင်ခေတ်က ပညာရှင်တွေရဲ့ သုတေသန ပြုလုပ်မှုတွေကြောင့် ဘဝသစ်ရရှိခြင်း ဆိုတဲ့ အဆင့်က ထိန်းချုပ်လို့ ရတဲ့ အနေအထားကို ရောက်လာခဲ့ပြီ"

မုန့်ရှင်းဟိုင်က ပြောလိုက်သည်။

"ဒီလမ်းကြောင်းက ခက်ခဲတယ် ဘဝသစ်ရရှိခြင်း အဆင့်ကို ကျော်လွန်သွားရင် တစ်လှမ်းချင်း ရှေ့ဆက်သွားဖို့ပဲ ရှိတော့တယ် ခန္ဓာကိုယ်က ဆက်ပြီး မျိုးဗီဇပြောင်း လို့ မရတော့ဘူး"

သူက ချင်မင်ကို ကြည့်ကာ ပြောလိုက်သည်။

"မင်း ကိုးကြိမ် ဘဝသစ် ရအောင် ကြိုးစားပါ"

ချင်မင်က မှတ်ဉာဏ်များ ပြန်လည် ရရှိလာပြီးနောက် ဤကိစ္စများကို သဘာဝကျကျ နားလည်ထားသည်။

နှစ်ထောင်ချီ သက်တမ်းရှိသော မိသားစုကြီးများတွင်ပင် ကိုးကြိမ် ဘဝသစ် ရထားသူ တစ်ဦး

ပေါ်ထွက်လာရန် အလွန် ခက်ခဲလှပြီး ရှစ်ကြိမ် ဆိုလျှင် အမြင့်ဆုံး ဖြစ်နေပြီ ဖြစ်သည်။

ရိုးရှင်းစွာ နားလည်ရမည် ဆိုလျှင် လူတစ်ယောက်က ရှစ်ကြိမ် မျိုးဗီဇပြောင်း ပြီးနောက် အလွန် ခက်ခဲသွားပြီး အခြား နည်းလမ်းများကိုသာ စဉ်းစားကာ ရှေ့ဆက်ရတော့မည် ဖြစ်သည်။ ထိုအချိန်တွင် ဆေးဝါး အချို့ကို အသုံးပြု၍ အဆင့်တက်နိုင်ပြီး ကောင်းကင် အလင်း များကို အပြင်ဘက်သို့ ထုတ်လွှတ်ကာ လောကီပြင်ပ သိုင်းသမား ဆိုသော နယ်ပယ်သို့ ရောက်ရှိနိုင်ပြီး ထိုမှတစ်ဆင့် လေဟာနယ် အတွင်းရှိ ဝိညာဉ်ရတနာ များကို ဖမ်းယူကာ ခရီးဆက်နိုင်မည် ဖြစ်သည်။

တကယ်တမ်းတော့ ခုနစ်ကြိမ် ဘဝသစ် ရရှိခြင်းက လူအများအပြား၏ အမြင့်ဆုံး အိပ်မက် ဖြစ်ပြီး ဆေးစွမ်းကောင်း များကို စားသုံးကာ

ကောင်းကင်အလင်း ကို အပြင်ဘက်သို့ ထုတ်လွှတ်ပြီး ထိုနယ်ပယ်ထဲသို့ ဝင်ရောက်နိုင်ရန် ဖြစ်သည်။

ချင်မင်က ပြောလိုက်သည်။

"ဦးလေးမုန့် ကျွန်တော့်ကို အရမ်း အထင်ကြီး လွန်းနေပြီ ကိုးကြိမ် ဘဝသစ် ရတာက နှစ်ပေါင်းများစွာ မပေါ်ထွက်တော့ဘူး မဟုတ်လား"

မုန့်ရှင်းဟိုင်၏ မျက်လုံးများက တောက်ပနေပြီး ပြောလိုက်သည်။

"အခု ငါတို့ သားအဖ နှစ်ယောက်တည်း စကားပြောနေတာ မင်း နှိမ့်ချနေစရာ မလိုပါဘူး လက်ရှိ အခြေအနေမှာ မင်းက ကောင်းကင်အလင်း ခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက်ကို ခံနိုင်ရည် ရှိတယ်ဆိုတော့ မင်းရဲ့ ပါရမီက အံ့မခန်း ဖြစ်ပြီး ကိုးကြိမ် ဘဝသစ် ရနိုင်တယ်လို့ ငါ ယုံကြည်တယ်"

ဦးခေါင်းပိုင်း ရောဂါဟောင်းများ အားလုံး ပျောက်ကင်းသွားပြီးနောက် ချင်မင်က ဤကိစ္စများကို သဘာဝကျကျ ရှင်းလင်းစွာ သိထားပြီး ကိုးကြိမ် ဘဝသစ် ရချင်ပါက သာမန် လူများအတွက် ကောင်းကင်ဘုံသို့ တက်ရသကဲ့သို့ ခက်ခဲလှသည်။

အဘယ်ကြောင့်ဆိုသော် ပထမဆုံးအကြိမ် ဘဝသစ် ရချိန်တွင် လက်နှစ်ဖက်က ပေါင် တစ်ထောင် နီးပါး အား ရှိရမည် ဖြစ်ပြီး ထိုသို့ဆိုလျှင် လူငယ် ပါရမီရှင် ဟု ခေါ်ဆိုနိုင်ပြီဖြစ်သည်။

ရှီချန်း ဖတ်ဖူးသော ထိုစာအုပ်ထဲတွင် မှတ်တမ်းတင်ထားဖူးရာ ဤအဆင့်သို့ ရောက်ရှိပါက လူငယ် ပါရမီရှင် အဖြစ် သတ်မှတ်ခံရပြီး ဒဏ္ဍာရီ ထဲတွင်သာ ရှိတော့သည်။

မုန့်ရှင်းဟိုင်၏ မျက်လုံးများက အလွန်

နက်ရှိုင်းနေပြီး ပြောလိုက်သည်။

"နှစ်ထောင်ချီ သက်တမ်းရှိတဲ့ မိသားစုကြီးတွေမှာ ကိုးကြိမ် ဘဝသစ် ရထားတဲ့ လှိုဝှက် နဂါးတွေ မရှိဘူးလို့ မင်း ဘယ်လို လုပ် သိမှာလဲ"

ထို့နောက် သူက ထပ်မံ သက်ပြင်းချလိုက်ပြန်သည်။

"နတ်ဘုရားတွေနဲ့ နီးစပ်တဲ့ သတ္တဝါတွေက အရမ်း ကြောက်စရာ ကောင်းလွန်းလို့၊ နတ်ဘုရားတွေနဲ့ နီးစပ်တဲ့ လူတွေက ခန့်မှန်းလို့ မရနိုင်အောင် အစွမ်းထက်လွန်းလို့ ငါတို့ရဲ့ ဒီလမ်းကြောင်းကို လျှောက်တဲ့ လူတွေက ပိုပိုပြီး မှေးမှိန်လာတာ"

"ဆယ်ကြိမ် ဘဝသစ် ရတဲ့သူ ရှိလား"

ချင်မင်က မေးလိုက်သည်။

မုန့်ရှင်းဟိုင်က ရယ်မောလိုက်သည်။

"ကိုး ဆိုတဲ့ ဂဏန်းက နောက်ဆုံး

အပြောင်းအလဲ ပဲလေ"

ထို့နောက် သူက ထပ်ပြောလိုက်သည်။

"သေချာတာပေါ့ ကိုးကြိမ် ဘဝသစ် ရတဲ့ လူတွေကြားမှာလည်း ကွာခြားချက် ရှိတယ် တိကျတဲ့ မှတ်တမ်းတွေတော့ မရှိပေမယ့် အရင်တုန်းက ပထမဆုံးအကြိမ် ဘဝသစ် ရချိန်မှာ ပေါင်တစ်ထောင် အား ရှိတဲ့သူ ရှိခဲ့ဖူးတယ် အဲဒီလိုလူမျိုးရဲ့ ကိုးကြိမ် ဘဝသစ် ရရှိခြင်းက ပိုပြီးအစွမ်းထက်တယ်"

ချင်မင်က တကယ်တမ်းတော့ ဤအရာများကို သိထားပြီး ဖြစ်သည်။ ပထမဆုံးအကြိမ် ဘဝသစ် ရချိန်တွင် ပေါင် တစ်ထောင် နီးပါးအား ရှိသော လူငယ် ပါရမီရှင် ပဲ ဖြစ်ဖြစ်၊ ဤဒဏ္ဍာရီ ကို ကျော်လွန်သွားသူပဲ ဖြစ်ဖြစ် နောက်ဆုံးတွင် ကိုးကြိမ် ဘဝသစ် ရရှိခြင်း သာဖြစ်သည်။ သို့သော် နောက်ဆုံးအကြိမ် ဘဝသစ်

ရချိန်တွင် ရရှိလာမည့် အကျိုးကျေးဇူးများက ကွာခြားချက် ရှိပြီး ဒဏ္ဍာရီ ကို ကျော်လွန်လေလေ နဝမအကြိမ် ဘဝသစ် ရချိန်တွင် ရရှိလာမည့် တုံ့ပြန်မှုက ပိုများလေလေ ဖြစ်သည်။

သူတို့ နှစ်ယောက်က အလွန် အဆင်ပြေစွာ စကားပြောဆိုနေကြပြီး ချင်မင်က ညစာ စားရန် အဖိတ်ခံလိုက်ရကာ ညစာ စားပြီး တူချောင်းများ ချထားလိုက်ချိန်တွင် မုန့်ရှင်းဟိုင်၏ လူယုံ ရောက်လာပြီး ရလဒ်များကို စုံစမ်း သိရှိပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချင်မင် အံ့သြသွားပြီး အလုပ်လုပ်တာ တကယ်ကို မြန်ဆန်လှသည်။

"ကျွန်တော်တို့က မျိုးဗီဇပြောင်း ငှက်တွေကို သုံးပြီး တည်းခိုခန်း အပြင်ဘက်က ပြဿနာ ရှိတဲ့ ငှက်တွေကို ဖမ်းမိခဲ့တယ် အဲဒီကနေ တစ်ဆင့် သစ္စာရှိခန်းမ ကို သွားရှာတွေ့ခဲ့ပြီး

နောက်ကွယ်က လူကို ဖော်ထုတ်နိုင်ခဲ့ကာ သစ္စာရှိခန်းမ က ပါဝင် ပတ်သက်နေတဲ့ ဒုတိယ ခေါင်းဆောင် နှစ်ယောက်ကိုလည်း ဖမ်းမိခဲ့တယ်"

"နောက်ကွယ်က လူက ဘယ်မှာလဲ"

မုန့်ရှင်းဟိုင်က မေးလိုက်သည်။

"ခေါ်လာခဲ့ပါပြီ"

မကြာမီ မျက်နှာ ဖြူရော်နေသော လူငယ်လေး တစ်ဦး ရောက်လာပြီး သူ၏ ဘေးတွင် အဘိုးကြီး တစ်ဦးနှင့် လူငယ် တစ်ဦးလည်း ပါလာသည်။

"အစ်ကိုချွေ၊ အာ မဟုတ်ဘူး အစ်ကိုချင်တကယ်ကို တောင်းပန်ပါတယ် ကျွန်တော်... အဲဒီလို မလုပ်ချင်ခဲ့ပါဘူး"

လူငယ်လေးက ဝင်လာသည်နှင့် ချက်ချင်း တောင်းပန်လိုက်ပြီး ခါးညွတ် အရိုအသေ

ပေးလိုက်သည်။

ချင်မင် ခန့်မှန်းထားသည့်အတိုင်းပင် ဘာအဘိုးကြီး၊ ဘာလူကြမ်းမှ မဟုတ်ချေ။

သူက ဤအသက် ဆယ့်ခြောက်၊ ခုနစ်နှစ်အရွယ် လူငယ်လေးကို မှတ်မိနေပြီး ကျောက်ကျင်းရှို ဟု ခေါ်လောက်မည် ဖြစ်ကာ အရင်က အတူတူ လည်ပတ်ခဲ့စဉ်က အနောက်ဆုံးတွင် နေရလေ့ ရှိပြီး တစ်ခါတစ်ရံတွင် နေရာပင် မရခဲ့ချေ။

ချင်မင်က သူ့ကို ကြည့်ရင်း စကားမပြောခဲ့ချေ။

ကျောက်ကျင်းရှို က အရှေ့ရှိ မျက်နှာကို မြင်သောအခါ သူက ယခင်က မြင့်မြတ်သော အဆင့်အတန်း မရှိတော့ဘဲ သာမန် လူတစ်ယောက် ဖြစ်သွားပြီ ဆိုတာကို သိထားသော်လည်း တကယ်တမ်း အနီးသို့ ရောက်လာ

သောအခါ အနည်းငယ် ကြောက်ရွံ့နေဆဲ ဖြစ်သည်။

"အစ်ကိုချင် အစ်ကို နားလည်သင့်တယ် ကျွန်တော်က ဘယ်လိုလုပ် ဒီလို ရှုပ်ထွေးတဲ့ ကိစ္စထဲ ဝင်ပါရဲမှာလဲ အရင်က အသိမိတ်ဆွေ တွေ ကြားမှာ ကျွန်တော်က အနောက်ဆုံးမှာပဲ ရပ်နေရတာလေ ကျွန်တော်လည်း မတတ်သာ လို့ပါ တခြားလူက မျက်ရိပ်ပြ၊ အရိပ်အမြွက် ပြတာကို ကျွန်တော် ဘယ်လိုလုပ် မလုပ်ဘဲ နေ ရဲမှာလဲ"

ကျောက်ကျင်းရှို က တကယ်ပဲ ကြောက်နေ တာလား၊ ဒါမှမဟုတ် သရုပ်ဆောင်နေတာလား မသိဘဲ အသံက ငိုသံ ပါနေသည်။

"မင်းကို ဘယ်သူက အဲဒီလို လုပ်ခိုင်းတာလဲ"

မုန့်ရှင်းဟိုင်က မေးလိုက်သည်။

"မြို့စားမုန့် ကျွန်တော်..."

ကျောက်ကျင်းရှို က ဉာဏ်တစ်ကြိမ်တွင် တကယ်ပဲ တုန်ယင်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူက တစ်ဖက်လူက နှစ်ထောင်ချီ သက်တမ်းရှိသော မိသားစုကြီးမှ ထွက်လာသည့် လူငယ်တစ်ဦး ဖြစ်ပြီး နေရာ အကြိမ်ကြိမ် ပြောင်းရွှေ့နေရခြင်းကလည်း လေ့ကျင့်မှု တစ်မျိုးဖြစ်ကြောင်း သိထားသောကြောင့် ဖြစ်သည်။

"ပြောစမ်း"

မုန့်ရှင်းဟိုင်က သူ့ကို မျက်စောင်းထိုး ကြည့်လိုက်သည်။

"အားလုံးက အစ်ကိုချင် သိတဲ့ လူတွေချည်းပါပဲ တစ်ယောက်က ကျိန့် မိသားစုက မိတ်ဆွေဟောင်း၊ နောက်တစ်ယောက်က လီချင်းရှီရဲ့ ဝမ်းကွဲ ညီ ပါ"

ကျောက်ကျင်းရှို က ငိုမဲ့မဲ့ မျက်နှာဖြင့် ပြောပြလိုက်သည်။

"တစ်ယောက်စီတိုင်းက ငယ်ငယ်လေးတွေ ရှိသေးတယ် ဒါပေမယ့် အရမ်း အငြိမ်မနေတတ်ကြဘူး ယုတ်မာလိုက်ကြတာ"

မုန့်ရှင်းဟိုင်က ပြောလိုက်ပြီး ကျောက်ကျင်းရှို့ကို စိုက်ကြည့်ကာ ပြောလိုက်သည်။

"မင်း ပြန်သွားရင် ချွေ မိသားစုကို တိုက်ရိုက်သွားပြောလိုက်"

"ကျွန်တော်..."

ကျောက်ကျင်းရှို့ တကယ်ပဲ မျက်ရည်ကျလုနီးပါး ဖြစ်သွားပြီး သူ တကယ်ကို အခက်တွေ့နေသော်လည်း နောက်ဆုံးတွင် မတတ်သာဘဲ ခေါင်းညိတ်လိုက်ရသည်။

"အစ်ကိုချင် ကျွန်တော့်ဆီမှာ နေ့ရွှေဒင်္ဂါး နှစ်ရာပဲ ကျန်တော့တယ် အားလုံး သုံးပစ်လိုက်ပြီနောက်မှ အစ်ကို့ကို လျော်ပေးပါ့မယ်"

ကျောက်ကျင်းရှို့ က ပိုက်ဆံအိတ် တစ်အိတ်ကို

ထုတ်ယူကာ လက်နှစ်ဖက်ဖြင့် ကမ်းပေးလိုက်သည်။

ချင်မင်က အားမနာဘဲ လှမ်းယူလိုက်သည်။

နေ့ရွှေဒင်္ဂါး နှစ်ရာကို ချွေတာ သုံးမည် ဆိုပါက အမည်းနှင့် အဖြူရောင် တောင်တန်းကြီး ဘက်တွင် မိသားစု တစ်စု နှစ်ပေါင်း နှစ်ရာခန့် အသက်ရှင် နေထိုင်ရန် လုံလောက်သည်။ ချီရှူမြို့တော်တွင် ဆိုပါက ကုန်ဈေးနှုန်း ပိုကြီးသဖြင့် သုံးပုံတစ်ပုံခန့် စားသုံးနိုင်မည် ဖြစ်သည်။

ကျောက်ကျင်းရှို က သူ ယူသွားသည်ကို မြင်သောအခါ တိတ်တဆိတ် သက်ပြင်းချလိုက်ပြီး နှစ်နှစ်ကျော် ကြာသွားပြီ ဖြစ်သော်လည်း ဤမျက်နှာကို နောက်တစ်ဖန် ပြန်လည် မြင်တွေ့ရချိန်တွင် သူ အနည်းငယ် ကြောက်ရွံ့ရိုသေနေဆဲ ဖြစ်သည်။

"အဲဒီ လေး ကိုလည်း ချန်ထားခဲ့"

ချင်မင်က လူငယ်လေး လွယ်ထားသော လေးကြိုးကို ညွှန်ပြလိုက်သည်။

၎င်းက လေးကောင်း တစ်လက် ဖြစ်ကြောင်း သိသာလှပြီး ထိုလူငယ်လေးက အလွန် ငြင်းဆန်နေကာ မပေးချင်ချေ။

ကျောက်ကျင်းရှိ က စိုးရိမ်တကြီး ပြောလိုက်သည်။

"မြန်မြန် အစ်ကိုချင်ကို ပေးလိုက် နောက်မှ ငါ နင့်ကို ပြန်လျော်ပေးမယ်"

"မင်းတို့ သွားကြတော့"

ချင်မင်က လက်ယမ်းပြလိုက်ပြီး သူသာ ဤလူသုံးယောက်ကို အကြမ်းဖျင်း သတ်ပစ်လိုက်ပါက ပြဿနာ အချို့ ပေါ်လာနိုင်ပြီး သူတို့ကို ပြန်သွားပြီး ချွေ မိသားစုကို ဤကိစ္စ ပြောပြခိုင်းတာက ပို သင့်တော်မည် ဖြစ်သည်။

နောက်တစ်နေ့တွင် လူတစ်ယောက်က ချင်မင်

ကို တည်းခိုခန်းတွင် လာရောက် တွေ့ဆုံခဲ့သည်။

"သခင်လေးချင် ကျွန်တော်က သစ္စာရှိခန်းမ ရဲ့ ဒုတိယ ခေါင်းဆောင် တိုက်ရှီဖုန်း ပါ"

လာရောက်သူ အဘိုးကြီးက သူ၏ အမည်ကို ပြောပြလိုက်ပြီး ဒုတိယ ခေါင်းဆောင် နှစ်ယောက် အဖမ်းခံရပြီးနောက် သူက ဤခန်းမ၏ နံပါတ်နှစ် ပုဂ္ဂိုလ် ဖြစ်လာခဲ့ပြီ ဖြစ်သည်။

သူက အလျင်အမြန် စကားပြောလိုက်သည်။

"ကျွန်တော်တို့ရဲ့ ခေါင်းဆောင် ဂယ်ချန်းရှင် က ခင်ဗျားကို ရန်ရှာချင်နေတယ် တောင်ကြီးထဲမှာ အခွင့်အရေး ရှာပြီး ခင်ဗျားကို သတ်ပစ်ဖို့ ကျွန်တော်တို့ကို ခိုင်းထားတယ်"

ချင်မင်က သူ့ကို ကြည့်ကာ ပြောလိုက်သည်။

"မင်းတို့ တစ်ယောက်ချင်းစီတိုင်းက သာမန် လမ်းကြောင်းကနေ မသွားကြဘူးပဲ မင်းက ဘာလို့ လာပြီး သတင်းပေးတာလဲ"

"ဘာလို့လဲဆိုတော့ ခေါင်းဆောင် ဂယ်ချန်းရှင် က အိမ်ခြံမြေတွေ အစရှိတာတွေကို တိတ်တဆိတ် ရောင်းထုတ်နေပြီး သစ္စာရှိခန်းမ ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေကိုလည်း ခိုးယူနေတာ တွေ့ရတယ် သူ ထွက်ပြေးဖို့ များတယ်"

တိုက်ရှီဖုန်း က အတော်လေး တည်ငြိမ်သူ ဖြစ်ပြီး မူလကတည်းက ဤကဲ့သို့ ပြဿနာများသော အလုပ်မျိုးကို လက်ခံရန် ဆန့်ကျင်ခဲ့သော်လည်း ဂယ်ချန်းရှင် က တစ်ဇွတ်ထိုး လုပ်နေသည်ကို တွေ့ရသဖြင့် နောက်ပိုင်းတွင် စုံစမ်းကြည့်ရာ ခေါင်းဆောင်က ထွက်ပြေးရန် ပြင်ဆင်နေကြောင်း တွေ့ရှိခဲ့ရသည်။

"သူလည်း သေချာပေါက် အတင်းအကျပ် ခိုင်းစေခံရတာ ဖြစ်မယ် ဒါကြောင့် ရွေးချယ်စရာ မရှိတော့တဲ့ အခြေအနေမှာ တစ်ဖက်လူဆီက နေ့ ရွှေဒင်္ဂါး တွေကို ယူပြီး ဒီအလုပ်ကို လုပ်ပြီးတာနဲ့

ချက်ချင်း ပျောက်ကွယ်သွားဖို့ ပြင်ဆင်နေတာ ကျန်ခဲ့တဲ့ ပြဿနာတွေကို ငါတို့ဆီ ပုံချခဲ့မှာ"

"သူက ခေါင်းဆောင် တစ်ယောက် ဂိုဏ်း တစ်ခုရဲ့ ခေါင်းဆောင် ဖြစ်နေလျက်နဲ့ ကိုယ့်အခြေခံကို ဒီလို စွန့်လွှတ်လိုက်တာလား"

ချင်မင်က မေးလိုက်သည်။

တိုက်ရှီဖုန်း က ရှင်းပြလိုက်သည်။

"ချီရှမြို့တော်ထဲမှာ ဘယ်လို ကြီးမားတဲ့ ဂိုဏ်း ရှိနိုင်မှာလဲ ကျွန်တော်တို့က အဖွဲ့ငယ်လေး တစ်ခုပဲ သူက လုံးဝ မနှမြောဘူး ပြီးတော့ သူက ရွှေရောင် ဓားပြ တွေထဲက တစ်ယောက် ဖြစ်နိုင်တယ်လို့ ကျွန်တော် သံသယ ရှိတယ် လေတိုက်ရာ အရပ် မကောင်းဘူး ဆိုတာကို စောစောကတည်းက ရိပ်မိပြီး မြို့စားသစ် ကို ရှောင်ရှားချင်နေတာ ဖြစ်မယ်"

"အင်း သူ့ရဲ့ အစွမ်းအစက ဘယ်လိုလဲ"

ချင်မင်က မေးလိုက်သည်။

တိုက်ရှီဖုန်း က ပြောလိုက်သည်။

"သူက ဝိညာဉ်ရတနာ တွေကို အကြိမ် နှစ်ဆယ်ကျော် စားသုံးပြီး သူ့ကိုယ်သူ ဆဋ္ဌမအကြိမ် ဘဝသစ် ရရှိခြင်း နယ်ပယ်ထဲ ရောက်အောင် တွန်းပို့ထားတယ် ဒါပေမယ့် နောက်ဆုံး အဆင့်မှာ ဆေးစွမ်းကောင်း ကို စားသုံးပြီးနောက် ကျရှုံးသွားခဲ့ပြီး ကောင်းကင်အလင်း ကို အပြင်ဘက် ထုတ်လွှတ်နိုင်တဲ့ လောကီပြင်ပ သိုင်းသမား နယ်ပယ်ကို မရောက်နိုင်ခဲ့ဘူး နောက်ဆုံးတော့ သူက အလားအလာတွေကို အလဟဿ ဖြစ်စေတဲ့ တားမြစ်ဆေးတွေ သုံးပြီး သူ့ကိုယ်သူ သတ္တမအကြိမ် ဘဝသစ် ရရှိခြင်း နယ်ပယ်ကို တွန်းပို့ခဲ့ပေမယ့် တစ်သက်လုံး အဲဒီမှာပဲ ရပ်တန့်သွားတော့မယ်"

"အခု ဂယ်ချန်းရှင် က ဘယ်မှာလဲ"

ချင်မင်က မေးလိုက်သည်။

တိုက်ရှီဖုန်း က ဖြေကြားလိုက်သည်။

"သူက အရမ်း သတိထားတတ်တယ် လောလောဆယ် မြို့ပြင်မှာ ရှိနေတယ် ဧရာမ ငှက်ကြီး တစ်ကောင် မွေးထားပြီး အခြေအနေ မကောင်းရင် ထွက်ပြေးမှာ ကျွန်တော် ခန့်မှန်းတာက သူက ကျွန်တော်တို့နဲ့ ပေါင်းပြီး ခင်ဗျားကို ရှင်းလင်းပြီးတာနဲ့ ချက်ချင်း အဲဒီ ဧရာမ ငှက်ကြီးကို စီးပြီး အဝေးကို ထွက်ပြေးမှာ"

ချင်မင်က ခေါင်းညိတ်ကာ ပြောလိုက်သည်။

"ဒါဆို ငါတို့ တိုင်ပင်ကြည့်ရအောင်..."

နှစ်ရက်အကြာတွင် ချင်မင်က သက်ဆိုင်ရာ လူများနှင့် နှုတ်ဆက်ပြီးနောက် တစ်ယောက်တည်း မြို့ပြင်သို့ ထွက်လာခဲ့ပြီး တောင်ပေါ် တောအုပ်ထဲသို့ ဝင်ရောက်ပြီး မကြာမီမှာပင် တိုက်ရှီဖုန်းက လူများကို ခေါ်ဆောင်လာပြီး သူ့ကို ဝိုင်းထား

လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်ယံတွင် ဧရာမ ငှက်ကြီး နှစ်ကောင် ထွက်ပေါ်လာပြီး ၎င်းတို့အနက်မှ အမည်းရောင် ဧရာမ ငှက်ကြီး တစ်ကောင်ပေါ်တွင် အဘိုးကြီး တစ်ဦး ရပ်နေကာ သစ္စာရှိခန်းမ ၏ ခေါင်းဆောင် ဂယ်ချန်းရှင် ဖြစ်လောက်မည် ဖြစ်ပြီး အခြား ငွေရောင် မျိုးဗီဇပြောင်း ငှက်ကြီး တစ်ကောင်ပေါ်တွင် လူငယ်လေး တစ်ဦး ပါလာကာ အောက်ဘက်သို့ အေးစက်စက် ကြည့်နေသည်။

"အလုပ်ရှင် ကိုယ်တိုင် ထွက်လာတာပဲ နောက်ထပ် အသိဟောင်း တစ်ယောက်ပဲ နောက်ခံ အတော်လေး ကြီးတာပဲ"

ချင်မင်က ကောင်းကင်ယံကို စိုက်ကြည့်နေလိုက်သည်။

သူက သက်ပြင်းချလိုက်ပြီး သာမန် လူတစ်

ယောက် အနေဖြင့် အဘိုးဖြစ်သူ၏ ဆန္ဒအတိုင်း ဘေးကင်းစွာ ကြီးပြင်းလာပြီး ကောင်းမွန်စွာ အသက်ရှင် နေထိုင်သွားချင်ရုံသာ ဖြစ်သော်လည်း အချို့လူများက သူ့ကို လွတ်လမ်း မပေးချင်ကြချေ။

ချင်မင်၏ မျက်နှာက တဖြည်းဖြည်း အေးစက်လာပြီး ပြောလိုက်သည်။

"ငါ့ကို ဒီအဆင့်အထိ ရောက်အောင် ဖိအားပေးလာမှတော့ ငါလည်း အစစ်အမှန် အစွမ်းအစကို ပြသရတော့မှာပဲ မြို့စားမုန့် ငါ့ကို အပြည့်အဝထောက်ခံလာအောင် လုပ်ရတော့မယ်"

***

# အခန်း ၈၂
# အကွေ့အကောက်များသော ရေစီးကြောင်း

*

ညအမှောင်ထုထဲတွင် မြေအောက် မီးစမ်းရေပေါက်များ အဆက်မပြတ် ပြန်လည် နိုးထလာမှုနှင့်အတူ ရေခဲနှင်းများ အရည်ပျော်ပြီး တသွင်သွင် စီးဆင်းကာ တောင်ကြီးထဲတွင် စမ်းချောင်းများ အဖြစ် စုစည်းသွားကြသည်။

ချင်မင် ရွေးချယ်ထားသော တောင်ပေါ်တောအုပ်က မြေမျက်နှာသွင်ပြင် အတော်လေး ရှင်းလင်းနေပြီး လှုပ်ရှားရန် အဆင်ပြေကာ ယခုအချိန်တွင် သူက တိုက်ရိုက်ဖုန်း ခေါ်ဆောင်လာသော လူယုံ ဆယ်ယောက်၏ ဝိုင်းရံခြင်းကို

ခံထားရပြီ ဖြစ်သည်။

"သူတို့ အားလုံး လာကြပြီ"

တိုက်ရှိဖုန်း က မနေနိုင်ဘဲ တိုးတိုးလေး သတိပေးလိုက်ပြီး ခေါင်းဆောင်က စီးတော်သားရဲ ကို စီးပြီး အနီးသို့ ရောက်နေပြီ ဖြစ်သော်လည်း မြို့စားအိမ်တော် မှ လူများ ဘာကြောင့် မပေါ်လာသေးတာလဲ ဟု တွေးလိုက်သည်။

ချင်မင်က စကားမပြောဘဲ ယခုလက်ရှိ အခြေအနေတွင် အခြားလူများ၏ အပြည့်အဝ ထောက်ခံမှုကို ရယူချင်ပါက ဖုံးကွယ်ထားလို့ လုံးဝ မရတော့ဘဲ မိမိ၏ ရှားပါးသော တန်ဖိုးများကို အစွမ်းကုန် ထုတ်ဖော်ပြသရမည် ဖြစ်သည်။

အမည်းရောင် ဧရာမ သားရဲငှက်ကြီးက ကောင်းကင်ယံတွင် ပျံဝဲနေပြီး ဂယ်ချန်းရှင်က

အောက်ဘက်သို့ ကြည့်နေကာ ချက်ချင်း ဆင်းမလာဘဲ အနီးအနားရှိ တောင်ပေါ် တောအုပ်ကို အကဲခတ်နေပြီး အလွန် သတိထားနေသည်။

နွေဦးပေါက် ရောက်လာပြီ ဖြစ်သဖြင့် ရာသီဥတုက အရင်လို မအေးတော့ဘဲ ငွေရောင်မျိုးဗီဇပြောင်း ငှက်ကြီး၏ ကျောပေါ်တွင် ရပ်နေသော လူငယ်လေးက အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားကာ လေတိုက်သဖြင့် တလူလူ လွင့်ပျံနေပြီး ကြည့်ရတာ အလွန် ချောမောခန့်ညားကာ စာပေသမား တစ်ဦးနှင့် တူသည်။

သူက အောက်ဘက်သို့ ငုံ့ကြည့်ပြီး တည်ငြိမ်စွာ စကားပြောလိုက်သည်။

"လက်ရှိ ဒီလို နေရာမျိုးကို ရောက်နေရတာ ဘယ်လို ခံစားရလဲ"

"မြေကြီးကို ခြေချရတာ တော်တော် ကောင်းတယ်"

ချင်မင်က ဒီအသိဟောင်းကို ကြည့်ရင်း ပြန်ဖြေလိုက်သည်။

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက ခေါင်းညိတ်ကာ ပြောလိုက်သည်။

"အရင်တုန်းက တိမ်တွေ အပေါ်မှာ ထိုင်နေခဲ့ပြီး အခု ဖုန်တွေ ကြားထဲ ကျဆင်းသွားပေမယ့် မင်းရဲ့ စိတ်ထားက မဆိုးဘူး"

ချင်မင်၏ မျက်နှာက တည်ငြိမ်နေပြီး ပြောလိုက်သည်။

"မင်း ငါ့ကို ဒီလို ဟန်ပန်မျိုး လာလုပ်ပြနေစရာ မလိုဘူး ဘယ်သူက ဘယ်လို လူမျိုးလဲ ဆိုတာကို အားလုံး သိပြီးသားပဲကွာ"

"ဒါပေမယ့် မင်းက အရင်က မင်း မဟုတ်တော့တာ သေချာတယ် ငါက ဒီလို သာမန် စိတ်ထားမျိုးနဲ့ မင်းကို စကားပြောနေတာ ဘာမသင့်တော်တာ ရှိလို့လဲ"

အသက် ဆယ့်ခြောက် ဆယ့်ခုနစ်နှစ် အရွယ် အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက အေးဆေး တည်ငြိမ်စွာ ပြောလိုက်သည်။

ချင်မင်က သူ့ကို ကြည့်ကာ ပြောလိုက်သည်။

"အရင်က ခင်မင်မှုတွေကို ထောက်ထားပြီး လူတစ်ယောက်ရဲ့ မျက်နှာကို ထောက်ထားပြီး ငါ မင်းကို တစ်ခွန်း အကြံပေးမယ် ကိစ္စ အားလုံးက ပြီးသွားပြီ မင်း အခု ပြဿနာ ထပ်မရှာတာ ပို ကောင်းမယ် မဟုတ်ရင် ဘယ်သူ့အတွက်မှ မကောင်းဘူး"

"ခင်မင်မှုလား အများကြီး ပြောနေစရာ မလိုဘူး မင်းနဲ့ ငါတို့ ကြားမှာ ဘာမျက်နှာမှ ထောက်စရာ မရှိတော့ဘူး"

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက လက်ကို နောက်ပစ်ထားပြီး ပြောလိုက်ကာ တောင်ပေါ် တောအုပ်ထဲရှိ အရပ်ရှည်ရှည် ပုံရိပ်ကို

ကြည့်လိုက်သည်။

"မင်းက ငါ့ကိုကြည့်မရ ဖြစ်နေတာပဲ"

ချင်မင်၏ မျက်နှာပေါ်တွင် အေးစက်မှုများ ထွက်ပေါ်လာသည်။

"ဟုတ်တယ် အဲဒီလိုပဲ မင်းကို ကြည့်ရတာ ပိုပိုပြီး မျက်စိနောက်လာတယ် အသိဟောင်း တချို့က ပြောဖူးတယ် မင်းက ရောက်သင့်တဲ့ နေရာကို ပြန်ရောက်သွားတာပဲလို့"

ချင်မင်လည်း အားမနာတော့ဘဲ ပြောလိုက်သည်။

"ခင်မင်မှု မရှိတော့ဘူး ဆိုမှတော့ အဆက်အသွယ်လည်း ထပ်မရှိတော့ဘူးပေါ့ မင်း အခု ဒီကို လာပြီး ငါ့ကို ယီးတွေလာလုပ်ပြနေတာလား မင်းရဲ့ မြင့်မြတ်မှုကို လာပြချင်တာလား ဟမ် မင်းရဲ့ ခန့်ညားတဲ့ မိသားစုကြီးရဲ့ သားလိမ္မာလေး ပုံစံကို လာပြချင်တာလား အ

ရင်တုန်းက မင်းကို မမြင်ဖူးတာလည်း မဟုတ်ဘူး ထွက်သွားစမ်းကွာ "

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက ဂရုမစိုက်ဘဲ ပြောလိုက်သည်။

"အရင်တုန်းက မင်း အပြင်ထွက်ရင် ကြယ်တွေက လကို ဝန်းရံထားသလို အားလုံးက ခြံရံနေကြတာ မင်းရဲ့ စီးတော်သားရဲကတောင် လေးကြိမ် မျိုးဗီဇပြောင်းထားတဲ့ သားရဲ ဖြစ်နေတာ အခု မင်းက တူတစ်လက်နဲ့ ဟား ဟား "

ချင်မင် ဒေါသ မထွက်ဘဲ အနည်းငယ် ပြုံးကာ ပြောလိုက်သည်။

"ကြည့်ရတာ အရင်တုန်းက ငါက မင်းကို တော်တော်လေး စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပုံရတယ် ဝမ်ချိုက်ဝေးက မင်း ဒီကို လာတာ သိလား တကယ်လို့ ကြားသွားရင် ကိုယ်တိုင် လာပြီး မင်းရဲ့ ခြေထောက် နှစ်ဖက်လုံးကို ရိုက်ချိုးမ

လား မသိဘူး"

"မင်း ပါးစပ်ပိတ်ထားစမ်း"

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက ငွေရောင် မျိုးဗီဇပြောင်း ငှက်ကြီး၏ ကျောပေါ်တွင် ရပ်နေရင်း အေးစက်စက် အသံဖြင့် ပြောလိုက်သည်။

"မင်း အခု ဒီလို နေရာကို ပြန်ရောက်သွားတာ မလုံလောက်သေးဘူး လုံးဝ ပျောက်ကွယ်သွားမှပဲ ရမယ် ဘယ်တော့မှ ပြန်မပေါ်လာတော့မှ ပိုပြီး စိတ်ချရမယ် ငါတို့ အားလုံးအတွက် ပိုပြီးကောင်းလိမ့်မယ်"

"မင်း ပြောတာတွေ အများကြီး ကြားရတာ ငါ တော်တော်လေး ရှုံ့နေပြီ"

ချင်မင်က ခေါင်းခါလိုက်ပြီး တူကြီးကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။

"တိမ်နဲ့ ရွှံ့ရဲ့ ကွာခြားချက် ဆိုတာ ဘာလဲ မင်း

သိလား အခု မင်းနဲ့ ငါ့ရဲ့ ကမ္ဘာ နှစ်ခု ကွာခြား ချက်က အဲဒီလိုပဲ"

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက နှင်းလို ဖြူဖွေးသော ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်ကို နောက်ပစ်ကာ ကောင်းကင်ယံရှိ မျိုးဗီဇ ပြောင်း ငှက်ကြီး၏ ကျောပေါ်တွင် ရပ်နေရာ တကယ်ကို အနည်းငယ် လူ့လောကနှင့် ကင်းကွာပြီး လှပနေသည်။

သို့သော် သူ၏ စကားများက နားထောင်လို့ အတော်လေး မကောင်းဘဲ အေးစက်သော မျက်နှာထားကလည်း လူကို စိတ် အနှောင့်အယှက် ဖြစ်စေကာ အောက်ဘက်သို့ ငုံ့ကြည့်ရင်း ပြောလိုက်သည်။

"နားလည်ပြီလား"

"တိမ်နဲ့ ရွှံ့ရဲ့ ကွာခြားချက် ငါ အရမ်း နားလည် ပါတယ် မင်း ကိုယ်တိုင်ကတောင် သေချာ နားမ

လည်သေးဘူး ထင်တယ် လာ ငါ မင်းကို ကူညီ ပေးမယ်"

ချင်မင်က သူ၏ ကျောဘက်ရှိ အတော်လေး ရှည်လျားသော အထုပ်ကို ယူလိုက်သည်။

ထို့နောက် သူက အလျင်အမြန် ဖွင့်လိုက်ပြီး လေးလံသော လေးကြီး တစ်လက်ကို ထုတ်ယူ လိုက်ကာ ဘာမှ ပြောစရာ မလိုတော့ဘဲ ယခု သူက လေးကြိုးကို လပြည့်ဝန်းလို ဆွဲတင်လိုက် ပြီး အနောက်မြောက်ဘက်ကို လှမ်းကြည့်လိုက် ရာ လေးကြိုး တုန်ခါသွားမှုနှင့်အတူ သံမြား တစ်စင်းက လေခွင်းသံများ ထွက်ပေါ်လာပြီး တိမ်တိုက်များကို ဖောက်ထွင်းကာ တိုက်ရိုက် ပျံသန်းသွားတော့သည်။

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက သူ လေး ထုတ်ယူလိုက်သည်ကို မြင်သောအခါ ငွေ ရောင် မျိုးဗီဇပြောင်း သားရဲငှက်ကြီးကို

အလျှင်အမြန် အပေါ်သို့ တက်ရန် လှုံ့ဆော်လိုက်ပြီး တစ်ချိန်တည်းမှာပင် အလွန် ဂရုမစိုက်သလိုဖြစ်နေကော ချင်မင်က ဝေးလံခေါင်သီသောနေရာတွင် နှစ်နှစ်ကျော် ပစ်ထားခံရပြီး ဘဝသစ်ရရှိခြင်း လမ်းကြောင်းပေါ် လုံးဝ မရောက်ခဲ့ဘဲ မကြာသေးမီကမှ အနည်းငယ် တိုးတက်လာကြောင်း သူ သိထားရာ အချိန်အများကြီး နှောင့်နှေးသွားခဲ့ပြီ ဖြစ်သဖြင့် မြားပစ်စွမ်းရည်က ဘယ်လောက်တောင် အစွမ်းထက်နိုင်မှာလဲ ဟု သူ တွေးလိုက်သည်။

ရွှတ်

ငွေရောင် မျိုးဗီဇပြောင်း ငှက်ကြီး မြား အပစ်ခံလိုက်ရပြီး အဖြူရောင် ဝတ်စုံဝတ် လူငယ်လေး၏ မျက်နှာ ချက်ချင်း ပြောင်းလဲသွားကာ တောင်ပံ တစ်ဖက်သာ ဒဏ်ရာရသွားသော်လည်း ဟန်ချက်ကို ထိခိုက်သွားစေပြီး

စတင် ယိမ်းယိုင်နေပြီ ဖြစ်သည်။

ရှီးခနဲ အသံနှင့်အတူ ချင်မင်၏ ဒုတိယမြောက် သံမြား ပစ်လွှတ်လိုက်ရာ ငွေရောင် မျိုးဗီဇ ပြောင်း ငှက်ကြီး၏ အမွေးအတောင်များ ပျက်စီး သွားပြီး ဗိုက်တွင် သွေးများ ပေကျံသွားကာ အပေါ်သို့ တက်ရန် အင်အား မရှိတော့ဘဲ အားနည်းစွာဖြင့် အောက်သို့ ပျံဝဲဆင်းလာပြီး တိုက်ရိုက် ပြုတ်ကျမသွားအောင် အနိုင်နိုင် ထိန်းထားရသည်။

အခြား တစ်ဖက်တွင်မူ သစ္စာရှိခန်းမ၏ ခေါင်းဆောင် ဂယ်ချန်းရှွင်က လုံးဝ ဆန့်ကျင်ဘက် ရွေးချယ်မှု တစ်ခုကို ပြုလုပ် လိုက်ပြီး အမည်းရောင် ဧရာမ သားရဲငှက်ကြီး ကို လှုံ့ဆော်ကာ မြေပြင်ဆီသို့ ထိုးဆင်းသွားခဲ့ သည်။

"မင်းကတော့ အတွေ့အကြုံ ရင့်ကျက်သားပဲ"

ချင်မင်က လေးကို ဆွဲလိုက်ရာ သံမြားက နေမင်းကြီးကို ဖြတ်သန်းသွားသော သက်တံ တစ်ခုကဲ့သို့ ဖြစ်သွားပြီး မြားတစ်စင်းတည်းဖြင့် အမည်းရောင် မျိုးဗီဇပြောင်း ငှက်ကြီး၏ ခေါင်း ကို ပေါက်ကွဲသွားစေကာ ချက်ချင်း သေဆုံးသွား စေသည်။

ကောင်းကင်ယံတွင် အဖြူရောင် ဝတ်စုံဝတ် လူငယ်လေး၏ မျက်နှာ လုံးဝ ပြောင်းလဲသွားပြီး ချင်မင်တွင် သူ၏ စီးတော်သားရဲ ကို မြားတစ် စင်းတည်းဖြင့် သတ်ပစ်နိုင်စွမ်း ရှိသော်လည်း ရည်ရွယ်ချက် ရှိရှိ အရှိန်အဟုန်ကို ထိန်းချုပ်နေ ခြင်း ဖြစ်ကြောင်း သူ သတိပြုမိလိုက်သည်။

သူက အောက်ဘက်သို့ ကြည့်လိုက်ရာ ရေခဲ နှင်းများ အရည်ပျော်ပြီးနောက် စမ်းချောင်း ရှုံ့ ရေများ ကန့်လန့်ဖြတ် စီးဆင်းနေသော နေရာ တစ်ခုကို တွေ့လိုက်ရပြီး ၎င်းက ငွေရောင် မျိုး

ဗိဇပြောင်း ငှက်ကြီး ကျဆင်းမည့် နေရာ ဖြစ်သည်။

အခြား တစ်ဖက်တွင်မူ ဂယ်ချန်းရွှင်တွင် အပြည့်အဝ ပြင်ဆင်မှု ရှိနေကြောင်း တွေ့ရပြီး သူက အမည်းရောင် ဧရာမ ငှက်ကြီး၏ အတောင်ပံ နှစ်ဖက်ကို မရုပ်သိမ်းစေဘဲ ထိန်းချုပ်ကာ သူ၏ ထိန်းချုပ်မှုဖြင့် တောင်ပေါ် တောအုပ်ဆီသို့ လျှောဆင်းသွားခဲ့သည်။

အရေးအကြီးဆုံး အချက်မှာ သူက မြေပြင်နှင့် အလွန် နီးကပ်နေပြီ ဖြစ်သည်။

သို့ဆိုလျှင်ပင် ချင်မင်၏ ဒုတိယမြောက် သံမြား ရောက်လာသောအခါ သူလည်း အလွန် အလုပ်များသွားပြီး မြားကို ရှောင်ရှားရန် အတွက် အမည်းရောင် ဧရာမ ငှက်ကြီး၏ အတောင်ပံများကို ထိန်းချုပ်မှု အမှားအယွင်း ဖြစ်သွားကာ သူနှင့် သေဆုံးသွားသော စီးတော်

သားရဲတို့က သစ်ပင်များ ပြည့်နှက်နေသော တောင်ပေါ် တောအုပ်ထဲသို့ ခေါင်းစိုက်ကျသွား တော့သည်။

ဂယ်ချန်းရှင်၏ နောက်ဆက်တွဲ လုပ်ရပ်က ချင်မင်ကို နောက်တစ်ဖန် အံ့သြသွားစေပြန်ရာ သူက လင်းနို့ တောင်ပံများကဲ့သို့သော အမည်းရောင် အဝတ်အစားကို ဝတ်ဆင်ထားပြီး ရောမငှက်ကြီး၏ အလောင်းကို စွန့်ပစ်ကာ လေထဲတွင် နိမ့်နိမ့်လေး လျှောဆင်းသွားပြီး တောအုပ်ထဲသို့ တည့်တည့် ဝင်တိုက်သွားခဲ့သည်။

ကံကောင်းထောက်မစွာ သူက မြေပြင်နှင့် အလွန် နီးကပ်နေပြီ ဖြစ်ကာ ကောင်းကင် အလင်း ၏ ကာကွယ်မှုလည်း ရှိနေသဖြင့် ဘာအန္တရာယ်မှ မဖြစ်ခဲ့ဘဲ သစ်ကိုင်း အများအပြားကို ကျိုးကျသွားစေကာ အတော်လေး ဘေးကင်းစွာ မြေပြင်ပေါ်သို့ ရောက်ရှိသွားခဲ့သည်။

အခြား တစ်ဖက်တွင်မူ အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက ငွေရောင် မျိုးဗီဇပြောင်း ငှက်ကြီးကို ထိန်းချုပ်ကာ ဦးတည်ချက်ကို ပြောင်းလဲပြီး အလွန် နီးကပ်နေသော တောင်ထိပ် တစ်ခုဆီသို့ ပျံသန်းသွားချင်ခဲ့သည်။

သို့သော် ယခု အရှိန်အဟုန် အားလုံးကို ချင်မင်က ထိန်းချုပ်ထားပြီ ဖြစ်ရာ သူက မြားတစ်စင်း ပစ်လွှတ်လိုက်ရာ မျိုးဗီဇပြောင်း ငှက်ကြီး၏ ညာဘက် အတောင်ပံ အရင်း နေရာကို ထိုး ဖောက်သွားပြီး ၎င်း၏ ဦးတည်ချက်ကို ပြန်လည် တည့်မတ်ပေးလိုက်သည်။

"မင်း"

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေး လန့်သွားပြီး ဒါက ကောင်းကင်ပေါ်မှာဖြစ်သော်လည်း စီးတော်သားရဲ က အဆက်မပြတ် တုန်ယင်နေပြီး ပတ်လည် လည်ထွက်တော့မည့်အတိုင်း ဖြစ်

နေသည်။

သူက နောက်တစ်ဖန် တည်ငြိမ်စွာ မနေနိုင်တော့ဘဲ လက်ကို နောက်ပစ်ကာ အထက်စီးမှ မဆက်ဆံရဲတော့ဘဲ ငွေရောင် မျိုးဗီဇပြောင်း ငှက်ကြီး၏ ကျောပေါ်တွင် တိုက်ရိုက် မှောက်ချလိုက်ပြီး ၎င်း၏ လည်ပင်းကို ဖက်ထားကာ အလျင်စလို ပြောလိုက်သည်။

"တည်ငြိမ်အောင်နေ မြန်မြန် ဆင်း"

ချင်မင်က နောက်ထပ် မြားနှစ်စင်း ပစ်လွှတ်လိုက်ပြီး အရှိန်အဟုန်ကို ပြီးပြည့်စုံစွာ ထိန်းချုပ်ကာ ငွေရောင် ဧရာမ ငှက်ကြီးကို ဆင်းသက်မည့် နေရာ ရွေးချယ်ရာတွင် ကူညီပေးလိုက်ပြီး မြေပြင်နှင့် အလွန် မဝေးတော့သည့် အချိန်သို့ ရောက်မှ သူ၏ နောက်ဆုံး မြားတစ်စင်းကို ပစ်လွှတ်လိုက်ရာ ရှီးခနဲ အသံနှင့်အတူ ၎င်း၏ ခေါင်းကို ထိုးဖောက်သွား

တော့သည်။

"အား"

အဖြူရောင် ဝတ်စုံဝတ် လူငယ်လေးက လန့်ဖျပ်စွာ အော်ဟစ်လိုက်ပြီးနောက် သေဆုံးသွားသော စီးတော်သားရဲ နှင့်အတူ ဗွမ်းခနဲ အသံနှင့် မြစ်ကမ်းဘေးရှိ ရွှံ့နွံတောထဲသို့ ပြုတ်ကျသွားတော့သည်။

သူ အစွမ်းကုန် ကြိုးစားပြီး ကောင်းကင် အလင်း ဖြင့် ကာကွယ်ထားသော်လည်း အလွန် နာကျင်စွာ ပြုတ်ကျသွားပြီး အတွင်းကလီစာ များ အားလုံး နာကျင်သွားကာ ယခု သူ့ တစ်ကိုယ်လုံး ရွှံ့များ ပေကျံနေပြီး အဖြူရောင် ဝတ်စုံ က ညစ်ပတ်နေကာ ချောမောသော မျက်နှာပင် ရွှံ့များ ဖုံးလွှမ်းသွားသည်။

"အား"

သူက သနားစရာ ကောင်းလောက်အောင်

အောက်ဟစ်နေပြီး အရိုးကျိုးသွားလို့ မဟုတ်ဘဲ အဓိကအားဖြင့် ဒေါသထွက်လွန်းလို့ ဖြစ်ကာ ယခု သူ ဘယ်လို ပုံစံ ဖြစ်နေပြီလဲ ဆိုတာကို တွေးပြီး ဒေါသထွက်နေခြင်း ဖြစ်သည်။

"တိမ်နဲ့ ရွှံ့ရဲ့ ကွာခြားချက် ကို မင်း နားလည် သွားပြီလား"

အဝေးမှ ချင်မင်က သူ့ကို မေးလိုက်သည်။

"ချွေချုံဟယ် အာ မဟုတ်ဘူး ချင်မင်"

သွေးအန်သည်အထိ မပြုတ်ကျခဲ့သော်လည်း ယခုလက်ရှိ အဖြူရောင် ဝတ်စုံဝတ် လူငယ်လေး လည်း မျက်လုံးထဲတွင် ကြယ်များ လည်နေပြီး အလွန် သနားစရာ ကောင်းနေကာ ထိုနေရာ တွင် ဒေါသ မထိန်းနိုင်အောင် ဖြစ်နေသည်။

အရင်တုန်းက သူနှင့် သဘောထား တိုက်ဆိုင် သော မိတ်ဆွေများက ယဉ်ကျေးသိမ်မွေ့မှုကို နှစ်သက်ကြပြီး တောင်ပေါ် တောအုပ်ထဲတွင်

ဖိတ်ခေါ်ကာ ကဗျာများ ရွတ်ဆိုကြပြီး ထင်းရှူးတော မီးစမ်းရေပေါက် ဘေးတွင် အရက်မူးကာ အိပ်စက်ကြပြီး အလွန် လွတ်လပ် ပေ့ါပါးမှုကို ပြသခဲ့ကြသည်။

ယခု သူက တောင်ပေါ် တောအုပ်ထဲသို့ ပြုတ်ကျပြီး ရွံ့လူသား တစ်ယောက် ဖြစ်သွားရာ အကွေ့အကောက်များသော ရေစီးကြောင်း ဆိုသော ကဗျာဆန်ဆန် ခံစားမှုကို အခြား တစ်နည်းဖြင့် ခံစားလိုက်ရသည်။

ဘန်းခနဲ အသံနှင့်အတူ ညစ်ပတ်နေသော လူငယ်လေး ခေါင်းပေါ်ရှိ ဆံထိုးက ချင်မင်၏ မြားတစ်စင်းဖြင့် ပေါက်ကွဲသွားရာ သူ့ကို တစ်ခဏအတွင်း ဆံပင်များ ဖရိုဖရဲ ဖြစ်သွားစေပြီး သူဌေးသား ဆိုသော အသွင်အပြင်များ အားလုံး ပျောက်ကွယ်သွားတော့သည်။

တောင်ပေါ် တောအုပ်ထဲတွင် ဂယ်ချန်းရှင်

ဘေးကင်းစွာ မြေပြင်သို့ ရောက်ရှိပြီးနောက် သက်ပြင်းချလိုက်ရာ စောစောက တကယ်ကို အလွန် အန္တရာယ်များလွန်းလှသည်။

တိုက်ရှီဖုန်းက လူယုံ ဆယ်ယောက်ကို ခေါ်ဆောင်ကာ ချက်ချင်း အခင်းဖြစ်ပွားရာ နေရာသို့ ရောက်လာခဲ့သည်။

"လောက်တိုက် မင်း ဘာလို့ မသွား"

"ခေါင်းဆောင် မင်းကို ငါတို့ ဝိုင်းထားပြီ"

တိုက်ရှီဖုန်းက လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

ဂယ်ချန်းရှင်က မိမိ၏ နားကို သွားကလော်ချင်စိတ် ပေါက်သွားပြီး မိမိ ကြားလိုက်ရသည်မှာ မမှားဘူးဟု သေချာသွားကာ ဒါ ဘာအခြေအနေလဲ မိမိလက်အောက်ငယ်သားများက မိမိကို ဝိုင်းထားတာလား ဟု တွေးလိုက်သည်။

"တိုက်ရှီဖုန်း မင်း ရူးနေပြီလား"

သူက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ခေါင်းဆောင်ဟောင်း ခင်ဗျားသာ ရှုးနေတာ"

တိုက်ရှီဖုန်းက လေးနက်သော အသံဖြင့် ပြော လိုက်သည်။

ဂယ်ချန်းရှင် တကယ်ကို ရှုးလုနီးပါး ဖြစ်သွား ပြီ ဖြစ်ပြီး ထိုဒုတိယ ခေါင်းဆောင်က သူ့ကို လူ များဖြင့် ဝိုင်းထားရုံသာမက သူ့ကို ခေါင်းဆောင် ဟောင်း ဟုပင် ခေါ်ဆိုလိုက်သေးရာ ဒါက အတိအလင်း ပုန်ကန် အာဏာလုခြင်း ပင် ဖြစ်သည်။

" ခေါင်းဆောင်ဟောင်း ခင်ဗျားက သစ္စာရှိ ခန်းမ ကို သစ္စာဖောက်တယ် သစ္စာရှိ ဆိုတဲ့ စကားလုံး နှစ်လုံးရဲ့ အဓိပ္ပာယ်ကို သိသေးရဲ့ လား"

တိုက်ရှီဖုန်း က ပြင်းပြင်းထန်ထန် ဆူပူလိုက် သည်။

ဂယ်ချန်းရှင်က ဒေါသထွက်လွန်းသဖြင့် ပေါက်ကွဲထွက်တော့မလို ဖြစ်သွားပြီး သူက တစ်ဖက်လူကို မပညာပေးရသေးဘဲ ရလဒ် အနေဖြင့် ပြန်ပြီး ခေါင်းစဉ် အကြီးကြီး တစ်ခု တပ်ခံလိုက်ရရာ ဥပဒေ ဆိုတာ ရှိသေးရဲ့လား ဟု တွေးလိုက်သည်။

"မင်း အထက်လူကြီးကို ပုန်ကန်ရဲတယ် ဟုတ်လား"

ဂယ်ချန်းရှင်က ဖြည်းဖြည်းချင်း အရိုးအဆစ် များကို လှုပ်ရှားလိုက်ပြီး အရင်ဆုံး ဂိုဏ်းကို ရှင်းလင်းရန် ပြင်ဆင်လိုက်ကာ တိုက်ရိုက်ဖုန်းကို သတ်ပစ်ပြီးနောက်မှ အခြား ဆုံးဖြတ်ချက်များ ချမှတ်မည် ဖြစ်သည်။

"ဂယ်ချန်းရှင် ခင်ဗျားက သစ္စာရှိခန်းမ ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေကို ခိုးယူပြီး နေ့ရွှေဒင်္ဂါး တွေကို လုယူ ထွက်ပြေးချင်နေတာ ခင်ဗျားက

သာ ပုန်ကန်တဲ့ သစ္စာဖောက်ပဲ ပြီးတော့ ခင်ဗျားက နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ရွှေရောင် ဓားပြတွေထဲက တစ်ယောက် ဖြစ်နေပြီး ငါတို့ သစ္စာရှိခန်းမ ထဲကို ခိုးဝင်လာတာတယ် မကောင်းတဲ့ ရည်ရွယ်ချက် ရှိနေတယ် အာဏာကို နှစ်ပေါင်းများစွာ ခိုးယူထားပြီး ငါတို့ ဂိုဏ်းရဲ့ အခြေခံကို ဖျက်ဆီးခဲ့တယ် အပြစ်တွေက ခွင့်လွှတ်လို့ မရဘူး"

တိုက်ရှိဖုန်းက သူ့ထက် အသံ ပိုကျယ်ကာ ပြောလိုက်သည်။

"လောက်တိုက် ငါ့ရဲ့ ဒုတိယ ခေါင်းဆောင် လုပ်ရတာ မင်း တကယ်ကို နေရာမှားနေတာပဲ ဒါပေမယ့် မင်း ဘာအခွင့်အရေးမှ မရှိတော့ပါဘူး ငါ မင်းကို အရင် သတ်ပစ်မယ်"

ဂယ်ချန်းရှင်က ရက်စက်စွာ ပြောလိုက်ပြီး သူလည်း တစ်ဖက်လူကို ခေါင်းစဉ် ထပ်မတပ်ချင်

တော့ဘဲ ယခုလက်ရှိ အခြေအနေတွင် ဖျက်ဆီး ပစ်ခြင်းက ဘာထက်မဆို ပိုမို ထိရောက် ကြောင်း သိလိုက်သည်။

"အကြောင်းရင်း ရှိမှ အကျိုးဆက် ရှိတာပေါ့ ဂ ယ်ချန်းရှင် ငါ အရင်ဆုံး မင်းနဲ့ စာရင်း တစ်ခု ရှင်းရမယ်"

ချင်မင် လျှောက်လာပြီး ပြောလိုက်သည်။

"ငါနဲ့ မင်း ကြားမှာ ဘာရန်ငြိုးမှ မရှိဘူး အလုပ်ရှင် ကတိပေးထားတဲ့ ငွေစာရင်းပဲ ရှိ တယ်"

ဂယ်ချန်းရှင်က သူ့ကို ကြည့်ရင်း ပြောလိုက် သည်။

"ဆွန် မိသားစုရဲ့ အဲဒီ လျှို့ဝှက်စာအုပ်က မင်း လုယူသွားတာ မဟုတ်လား ပြီးတော့ ဆွန် အဘိုး ကြီး ကိုလည်း သတ်ခဲ့တယ် အခု အဲဒီ အဘွား ကြီးနဲ့ သူ့ရဲ့ မြေးကိုပါ ဒုက္ခပေးခိုင်းနေသေးတယ်

ငါ ဆွန် မိသားစုရဲ့ တူသိုင်းကို သင်ယူဖူးတယ်ဆို တော့ အဲဒီ လျှို့ဝှက်စာအုပ်ရဲ့ မျိုးဆက် တစ်ယောက်လို့ သတ်မှတ်လို့ ရတယ် ဒီနေ့ ဆွန် မိသားစု ကိုယ်စား မင်းဆီကနေ သွေးကြွေး ပြန်တောင်းပေးမယ်"

ချင်မင်က တူကြီးကို ကိုင်ကာ အနီးသို့ တိုးကပ်လာသည်။

ဂယ်ချန်းရှင်၏ စရိုက်က အလွန် သတိထားတတ်ပြီး တစ်ဖက်လူက ဒီလောက် အစွမ်းထက်နေသည်ကို မြင်သောအခါ ပြိုင်ဘက်၏ အစစ်အမှန် အစွမ်းအစ မည်မျှ ရှိသလဲ ဆိုတာကို ဂရုမစိုက်တော့ဘဲ ရွှီးခနဲ အသံနှင့် တောင်ပေါ် တောအုပ်ထဲသို့ ဝင်ရောက်ကာ ထွက်ပြေးရန် ပြင်ဆင်လိုက်သည်။

သို့သော် နောက်တစ်ခဏတွင် သူ၏ မျက်နှာ ပြောင်းလဲသွားပြီး ထိုလူငယ်လေး၏ အမြန်နှုန်း

က မယုံနိုင်လောက်အောင် မြန်ဆန်လွန်းလှကာ သရဲ တစ်ကောင်ကဲ့သို့ သူ၏ အရှေ့တွင် လာပိတ် ရပ်ပြီး တူကြီးကို မြှောက်ယမ်းကာ ထုချလိုက် တော့သည်။

***